ဖယ်ခုံမြို့နယ်

ရီနွဲ့ကျေးရွာအုပ်စု

စလင်းမိုးငံကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(၂၀၁၉-၂၀၂၃)ခုဘဏ္ဍာရေးနှစ်



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဖယ်ခုံမြို့နယ်၊ရီနွဲ့ကျေးရွာအုပ်စု၊စလင်းမိုးငံကျေးရွာ

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ သြဂုတ်လ

မတိကာ

စကားချီး

စလင်းမိုးငံကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ရီနွဲ့ကျေးရွာအုပ်စု၊ဖယ်ခုံမြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်

(၁) နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်ရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(၉) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု –လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(၈၂) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟို အဆင့် မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်အကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး

(ခ) ကဏ္ဍာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း၊

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် ချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေးကြေးဆိုင်ရာ အစီအစဉ်

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးမည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း၊

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) စီမံချက် ဇယားများ

(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား(၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား(၅) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား(၇) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု

(၂) လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၁၀) ကျေးရာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား(၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၃) ကျေးရွာ၏ရေ အရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

ဇယား(၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၁၈) မွေးမြူရေးနှင့်သားငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ဇယား(၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၂၁) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား(၂၂) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ

ဇယား(၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့ အကျင့်နှင့် အခက်အခဲများ

ဇယား(၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေး အစီအမံများ

ဇယား(၂၇) မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ဇယား(၂၈) ကျောင်းအပ်နှုန်း

ဇယား(၂၉) စာသင်ကျောင်းဆောင် အခြေအနေ

ဇယား(၃၀) ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား(၃၁) အဖြစ်များသော ရောဂါများ

ဇယား(၃၂) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား(၃၃) သောက်သုံးရေ ရရှိမှု

ဇယား(၃၄) သန့်ရှင်းရေး အခြေအနေ

ဇယား(၃၅) ကျေးရွာ၏လမ်း၊တံတားတည်ရှိမှု အခြေအန

ဇယား(၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၃၇) သယ်ယူပို့ဆောင်ရေးယဉ်များ

ဇယား(၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား(၃၉) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

ဇယား(၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား(၄၁) ဘေးကင်းလုံခြုံရေးဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

ဇယား(၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း

များ၊အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား(၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဇယား(၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

ဇယား(၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ကိုးကားစာရင်း

အပိုင်း(ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်ဆိုင်ရာအချက်အလက်ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသော လူထုကိုယ် တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ရှေးဦးစွာအနေဖြင့် စီမံချက်ဖန်းကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော

သက်ဆိုင်ရာဝန်ထြစ် မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝမ်းများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို စီစဉ်ချမှတ်လုပ်ဆောင်ဖူးခဲ့ကြသော်လည်း ကျေးရွာ သူ၊ကျေးရွာသားများ ကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများကို တွင်ကျယ် စွာလေ့ကျင့် သုံးစွဲလုပ်ဆောင်ခြင်း နည်းပါးနေသေးပါသည်။တစ်ရွာလုံးရှိပြည်သူများအားလုံးပူး ပေါင်းပါဝင်ပြီး ကျေးရွာစီမံကိန်းများရေးဆွဲခြင်း နည်းလမ်းကိုအသုံးပြု၍ အချင်းချင်းတိုင်ပင်ဆွေး နွေးအဖြေရှာတတ်လာစေရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်းကြီးဌာန၏ ဦး ဆောင်ညွှန်ကြားမှုဖြင့် ဖယ်ခုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းရေးဆွဲ ရေးဝန်ထမ်းများ၊ကျေးရွာသူ၊ကျေးရွာသားများနှင့် တွဲဖက်လုပ်ဆောင်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲသို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာသိရှိနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုနောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအ ချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ဤလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာ မည့်အခက် အခဲများ၊ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ် အဆင့်အစိုးရဌာနများနှင့် အထက်အဆင့်တာဝန်ရှိသူအစိုးရအဖွဲ့များ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင် မည်ဟုမျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါ ကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စလင်းမိုးငံကျေးရွာ

ရီနွဲ့ကျေးရွာအုပ်စု

ဖယ်ခုံမြို့နယ်

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ ( ) ရက်



ရီနွဲ့ကျေးရွာအုပ်စု၊စလင်းမိုးငံကျေးရွာ အရင်းအမြစ်ပြမြေပုံ၊

ရည်ညွှန်း - ရီနွဲ့ကျေးရွာအုပ်စု၊စလင်းမိုးငံကျေးရွာ၊ ဖယ်ခုံမြို့နယ်တွင် ပြုလုပ်သော ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ကျေးရွာသားများ ကိုယ်တိုင်ပူး ပေါင်းအကဲဖြတ်ခြင်း မှ ရယူသည်။(၂၀၂၀ ခုနှစ် ၂၄-၂၅-၂၆၊ ဩဂုတ်လ၊ ၂၀၂၀

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်

နိုင်ငံလုံးကျွးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲ့အကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ဖွံ့ဖြိုးရေးကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ် တာကာလအပြီးတါင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့အပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကဏ္ဍ၊ ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်ဆွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တစ်ကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့်ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်လာရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတာကဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ(ကမ္ဘာဘဏ်၊အရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံ သက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင့်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းများအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တစ်ဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

စလင်းမိုးငံကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း၊တောင်ကြီးခရိုင်၊ဖယ်ခုံမြို့နယ်အတွင်း၊ ရီနွဲ့ ကျေးရွာအုပ်စုတွင် တည်ရှိပြီး၊မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၆၇ မိနစ်မှ ၅၉ ဒီဂရီ ၃၇ မိနစ်နှင့် အရှေ့ လောင်းဂျီတွဒ် ၉၆ ဒီဂရီ ၉၀ မိနစ်မှ ၇၂ ဒီဂရီ ၁၁ မိနစ်အတွင်းတည်ရှိပါသည်။ စလင်းမိုးငံကျေးရွာ သည် ပီကင်း-လအိ-ဆောင်းပြောင်းလမ်းမကြီးလေးတွင်တည် ရှိပါသည်။ ဖယ်ခုံမြို့မှ ကုန်းလမ်းခရီးလျှင်(၂၀/၀)ကွာဝေးပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်အပေမှာ ၄၂၀၀) ပေတွင်တည်ရှိ၍ မြေ မျက်နှာသွင်ပြင်မှာ တောင်ကုန်း၊တောင်စောင်းများပြားပါသည်။ မြေပြန့်လွင်ပြင်ဟူ၍ မရှိ သလောက်ရှားပါး သည်။ ရာသီဥတုမှာ ခြောက်သွေ့သောမုတ်သုန်ရာသီဥတုဖြစ်သည်။ အမြင့်ဆုံးအပူချိန်မှာ(၃၈)ဒီဂရီ စင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၈) ဒီဂရီစင်တီဂရိတ် ဖြစ်ပါ သည်။ မိုးရွာသွန်းမှုအခြေအနေဖြင့် မိုးရေ ချိန် (၄၃.၁၉)လက်မရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ကျွန်ုပ်တို့ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်သောကျေးရွာဖြစ်၍ယာမြေ(၁၈၂)ကေ နှင့်မြေလွတ်၊မြေလပ်(၁၁၇)ကေနှင့် အိမ်ခြံဝိုင်းစိုက်ခင်းမြေများ ပိုင်ဆိုင် သည်။

စိုက်ပျိုးမြေများရေအရင်းအမြစ်ရရှိနိုင်မှုမှာ ကျေးရွာ၏နောက်ဘက် ကပ်လျက်ရှိစလောင်း ကျေးရွာကြားတွင်စိုက်ပျိုးကြပါသည်၊ မိုးရေကိုသာ အဓိကထားအားကိုးစိုက်ပျိုးရပါသည်။ ကျေးရွာအနီး တစ်ဝိုက်တွင်ဒေသတွင်းအဆောက်အဦများဆောက်လုပ် ရာတွင်အသုံးပြုသည့် ကျောက်များ၊ ကျောက်စရစ်များလည်းထွက်ရှိပြီး၊ သဲများအနေဖြင့် ဒီမောဆိုကျေးရွာသို့မှာယူသုံးစွဲနေ ရပါသည်။

သတ္တုနှင့်အခြားတွင်း ထွက်သယံဇာတများမတွေ့ရှိပါ။အခြားသော သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ဆေးဘက်ဝင်အပင်များ)၊ သဘာဝတိရိစ္ဆာန်မျိုးစိတ်များလည်း အနည်းငယ်သာတွေ့ရှိရပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် သဘာဝပေါက်ပင်များမှာ အင်ဂျင်းပင်၊ အင်ပင်လည်းများအား ရပ်မိရပ်ဖများမှ ထိန်းသိမ်းစောင့်ရှောက်ကြပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

စလင်းမိုးငံကျေးရွာတွင် အိမ်ထောင်စု(၁၀၁)စုရှိပြီး၊ လူဦးရေမှာ စုစုပေါင်း(၅၈၆)ဦးရှိပါသည်။ မျှမ်းမျှ တစ်အိမ်ထောင်စုလျှင် (၄ - ၅) ဦးအထိရှိပါသည်။ အသက်(၁၅)နှစ်မှ (၆၀)နှစ်အထိ အလုပ် လုပ်နိုင်သောလူဦးရေမှာ(၅၆%)ရှိပြီး၊ (၁၅)နှစ်အောက်လူဦးရေနှင့် အသက်(၆၀)နှစ်အထက် လူဦးရေ (၄၄%)ဦးသည် မှီခိုသူများ ဖြစ်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျေးရွာရှိအိမ်ထောင်စုများ၏အဓိကဝင်ငွေရလုပ်ငန်းများမှာ စပါး၊ပြောင်း၊ ငရုတ်၊ များစိုက်ပျိုးကြပါသည်။ကျေးရွာအိမ်ထောင်စုများ၏ ဥစ္စာဓနအဆင့်ကို ကျေးရွာသူ/သားများကိုယ်တိုင်သတ်မှတ်သည်မှာ အိမ်ထောင်စု(၁၀၁)စု၏(၈%) ခန်သည့် မြေမဲ့ယာမဲ့များ၊ကျပန်းအလုပ်သမားများဖြစ်ကြပြီး (၄၀%)သည်(၂.၅ကေမှ ၅ကေ) ကြားတွင်ပိုင်ဆိုင်ကြပြီး၊(၄၀%)သည်(၅ကေမှ ၁၂.၅ကေ)ကြားတွင်သော်လည်းကောင်း၊(၁၂%) သည် (၁၂.၅)ကေနှင့်အထက်တွင်ပိုင်ဆိုင်ကြပါသည်။ ကျေးရွာအနေဖြင့် ကောက်ပဲသီးနှံများလုပ်သားအားဖြင့် စိုက်ပျိုး၊ရိတ်သိမ်းကြပါသည်။ အခြားသောဝင်ငွေရသီးနှံများလည်းစိုက်ပျိုးရန် စိတ်အားထက်သန် မှုရှိကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဆင်းရဲအဆင့်နှင့်အလွန်ဆင်းရဲအဆင့်အိမ်ထောင်စု(၅၃)စုတို့၏ ဝမ်းစာဖူလုံမှုကို စစ်တမ်းကောက်ယူကြည့်ရာတွင်(၂၅%)သည် ၃လနှင့်ဖြင်းကြား ဝမ်းစာဖူလုံပြီး၊(၇၅%)အိမ်ထောင်စုများမှာ ဖြင်းနှင့်၁၂ လအထိ ဝမ်းစာဖူလုံမှုရှိကြသည်။

(ဃ) ကျန်းမာရေးနှင့်အဟာရ

ကျေးရွာတွင်းတွင် ဝမ်းလျော၊ဝမ်းပျက်၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါများကို မိုးဦးကျရာသီများတွင် အဖြစ်များသည်ကိုတွေ့ရှိရပြီ၊ ဆီးချို၊သွေးတိုး၊အသည်းရောဂါ (ဘီ ၊စီ) များ

တစ်ချို့ဖြစ်ပွားသည်ကိုလည်းတွေ့ရှိရပါသည်။အခြားကြီးမားသောရောဂါများဖြစ်ပွားသည်ကိုမတွေ့ရပေ။ကျန်းမာရေးပြဿနာများကြီးကြီးမားမားဖြစ်ပွားမှုမရှိသော်လည်း တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာသန့်ရှင်းရေး၊ကျန်းမာရေးနှင့်ညီညွတ်စေသည့် အစားအစာများစာသုံးခြင်း၊အရက်သေစာသောက်သုံးခြင်း အန္တရာယ်စသည်တို့ဆိုင်ရာ အခြေခံကျန်းမာရေးဆိုင်ရာအသိပညာများ တိုးပွားရန်လိုအပ်နေသေးကြောင်း ကျေးရွာရှိပြည်သူများ၏ နေထိုင်မှုပုံစံများကို ကြည့်ခြင်းဖြင့် သိရှိရပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင်စာလုံးဝမတတ်သူဦးရေမှာ ကျေးရွာလူဦးရေ၏၈% ရှိပြီး၊ စာမတတ်သူဦးရေမှာအမျိုးသမီးကပိုမိုများပြားပါသည်။ မူလတန်းအဆင့် ရှိသူဦးရေမှာ ၃၃% ရှိပြီး၊ အလယ်တန်းအဆင့်ရှိသူဦးရေမှာ၁၇% ရှိပြီး၊ အထက်တန်းဆင့်ရှိသူဦးရေမှာ ၆%၊တက္ကသိုလ်အဆင့်ရှိသူဦးရေမှာ ၂%သာရှိသည်ကိုတွေ့ရှိရပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာတွင်းအဖွဲ့အစည်းများအသီးသီးတွင် အမျိုးသမီးများပါဝင်မှုရှိသည် အမျိုးသားများနှင့်တန်းတူ ပါဝင်ဆောင်ရွက်ကြသည် ကိုတွေ့ပြီး၊ သီးနှံ စိုက်ပျိုး၊ရိတ်သိမ်းခြင်းလုပ်ငန်းခွင်များတွင် အမျိုးသမီးများနှင့်အမျိုးသားများ တန်းတူလုပ်ကိုင် ကြပါသည်။

(ဌ) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

စလင်းမိုးငံကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် အတွက်များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

စလင်းမိုးငံကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့၊ မိဘဆရာအသင်း၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့စသည်ဖြင့်ဖွဲ့စည်းထားပြီး၊ ဖွံ့ဖြိုးရေးဆိုင်ရာအနေဖြင့် ဂရုဏာအဖွဲ့၊ ဖွဲ့(ကလေးသူငယ်ပြုစုပျိုးထောင်ရေးအဖွဲ့၊ မေတ္တာအားမာန်အဖွဲ့(လူမှုဖွံ့ဖြိုးရေးအဖွဲ့)၊ အော်ဂဲနစ်ချစ် သူအဖွဲ့စသည့်အဖွဲ့များဖြင့် ဖွဲ့စည်းထားကြပါသည်။

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ အဓိက စိုက်ပျိုးသီးနှံမှာ စပါး၊ပြောင်း၊ ကုလားပဲ၊ ပဲစင်းငုံတို့ဖြစ်ပါသည်။ စလင်းမိုးငံ

ကျေးရွာတွင်ယာမြေဧက (၁၈၂) ခန့်ရှိပါသည်။ စိုက်ပျိုးရေအသုံးပြုရာတွင် မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြသည်။

အော်ဂဲနစ်စနစ်ဖြင့် စံပြသီးနှံများစိုက်ပျိုးသည့် အိမ်ထောင်စုများလည်းရှိပါသည်။ ကျေးရွာအနေဖြင့် အဓိကစိုက်ပျိုးသီးနှံထွက်ကုန်များအား ဈေးကွက်သို့တင်ပို့ရောင်းချရာတွင် ဈေးကောင်းမရခြင်း၊ ပွဲစားများမှဈေးနိမ့်၍ဝယ်ယူခြင်း စသည့်အခက်အခဲများကြုံတွေ့နေရပါသည်။ ထို့ကြောင့်အဓိကသီးနှံများအပြင် အခြားသောသီးနှံများ၊နှစ်ရှည်ပင်များတစ်ပိုင်တစ်နိုင်ဖြင့်သော် လည်းကောင်း၊စီးပွားဖြစ်သော်လည်းကောင်းလုပ်ကိုင်နိုင်ရန်အတွက် စိုက်ပျိုးရေးဆိုင်ရာအသိပညာများ၊ အော်ဂဲနစ်ဖြင့် စိုက်ပျိုးခြင်းနည်းပညာများ၊ ကာလတိုချေးငွေများ ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပြီး၊ထွက်ရှိသည့်သီးနှံများလည်း ရောင်းချရာတွင် ကောင်းမွန်သည့်ဈေးကွက်စနစ်တစ်ခုရရှိနိုင်မှသာ ပြည်တွင်းထုတ်လုပ်ရောင်းချသည့်စနစ်မှ ပြည်ပဈေးကွက်သို့တင်ပို့ရောင်ချနိုင်ခြင်းဖြင့် ကျေးရွာ၏စိုက်ပျိုးရေးလုပ်ငန်းများပိုမိုဖွံ့ဖြိုးလာ နိုင်ပါသည်။

စလင်းမိုးငံကျေးရွာသည် နွား၊ ဒေသကြက်၊ ဒေသဝက်၊ ဘဲများစသည်တို့ စီးပွားဖြစ်မွေးမြူထား ခြင်းအနည်းငယ်ရှိသော်လည်း စာကျက်မြေနှင့် တိရိစ္ဆာန်ဓျိုးစိတ်များရရှိနိုင်မှု အခြေအနေမှာ အသင့်အတင့်အနေအထားတွင်ရှိပြီး၊တစ်ပိုင်တစ်နိုင်စီးပွားဖြစ်မွေးမြူနိုင်ရန်အတွက် ကာလတိုချေးငွေ များဆောင်ရွက်ပေးမည်ဆိုပါက မွေးမြူရေးဆိုင်ရာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

စလင်းမိုးငံကျေးရွာသူ/သားများသည် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာရှိပြီး၊ လက်သမား၊ပန်းရံလုပ်ငန်းများ လုပ်ကိုင်

သူများသာရှိသည်။ အခြားသောဝင်ငွေရလုပ်ကိုင်နေမှုမရှိသလောက် ရှားပါးသည်။ အလုပ်အကိုင် အခွင့်အလမ်းရ ရှိမှု နည်းပါးနေပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာအနီးနား ပတ်ဝန်းကျင်တစ်ဝိုက်တွင် သစ်တောများရှိပြီး၊ အင်ကြင်း၊အင်ဖက်ပင်များ တွေ့ရှိပြီး၊ကျေးရွာသည်လျှပ်စစ်မီးမရရှိသဖြင့် ထင်းအဖြစ်ခုတ်ယူခြင်း၊ရောင်းချခြင်းများပြုလုပ်ခဲ့ရာ သစ်တောမှာ အတော်အသင့်ပြုန်းတီးနေသည့် နေအထားတွင်ရှိသည်။ ကျေးရွာအနေဖြင့် သဘာဝ ပတ်ဝန်းကျင် သစ်တောထိန်းသိမ်းခြင်းဆိုင်ရာအသိပညာများနည်းပါးနေသော်လည်း ၂၀၁၂ နောက် ပိုင်းတွင် သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများ ကျေးရွာမှပိုမိုဆောင်ရွက်လာခဲ့ပါသည်။ လက်ရှိ ကျေးရွာပိုင်သစ်တော(၂၀၀)ဧကခန့် အားကျေးရွာလူငယ်အဖွဲ့မှဦးဆောင်ပြီး ယူကလစ်၊ ကျွန်း၊ သစ် မာပင်များပြန်လည်စိုက်ပျိုးထိန်းသိမ်းထားလျှက်ရှိပါသည်။ သစ်တောအတွင်း တိရိစ္ဆာန်မျိုးစိတ် များ တွေ့ရှိရမှုနည်းပါးပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

စလင်းမိုးငံကျေးရွာအနေဖြင့် ဘဏ်နှင့်ငွေကြေး ဆိုင်ရာဝန်ဆောင်မှုမှာ မြန်မာ့လယ်ယာဖွံ့ဖြိုရေး ဘဏ်မှစိုက်ပျိုးစရိတ်ချေးငွေများသော်လည်းကောင်း၊ မိတ်ဆွေ(ဆွေမျိုး)များထံသော် လည်း ကောင်းငွေပေးချေးသူထံတွင်လည်းကောင်း စိုက်ပျိုရေးလုပ်ငန်းလည်ပတ်နိုင်ရေးအတွက် ချေးယူ နေကြပါသည်။လယ်ယာလုပ်ဆိုင်ရာစက်ကိရိယာများ ရစ်ကျစနစ်ဖြင့်သော်လည်းကောင်း၊ မြစိမ်းရောင်ကဲ့သို့သော ကာလတိုချေးငွေစီမံကိန်းများဖြင့်စိုက်ပျိုးရာသီ အချိန်မှီဆောင်ရွက် ပေးနိုင် မည်ဆိုပါ ကသီးနှံများစိုက်ပျိုးနိုင်မည်ဖြစ်ပြီး အချိန်မှီရောင်းချနိုင်ခြင်းဖြင့် မိသားစုဝင်ငွေများပိုမိုရရှိ လာနိုင် မည်ဖြစ်ပါသည်။

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

စလင်းမိုးငံကျေးရွာတွင် မူလွန်ကျောင်းသာရှိသည့်အတွက် စာတတ်မြောက်မှုမှာ အလွန် နမ့်ပါးသည့် အနေအထားတွင်ရှိပါသည်။ မူလတန်းကျောင်းနေဦးရေ(၁၀၉)ဦး၊ အလယ်တန်း ကျောင်းနေ ဦးရေ(၅၃)ဦး၊ အထက်တန်းကျောင်းနေဦးရေ(၃၂)ဦး၊ ထိရှိပါ သည်။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျေးရွာ၏နီးနား လအိကျေးရွာရှိ ကျေးလက် ကျန်းမားရေးဌာန(ခွဲ)တွင် ဆေးကုသလျှက်ရှိပြီး၊ သက်ဆိုင်ရာကျန်းမာရေးအဖွဲ့အစည်းမှလည်း

ကျန်းမာရေးဆိုင်ရာ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ တစ်နှစ်လျှင်တစ်ကြိမ်လာရောက်ထိုးနှံပေးပါသည်။သို့သော်ကံထန်းကျေးရွာအနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများအလွန်နည်းပါးသည်။

သောက်သုံးရေအနေဖြင့် ကျေးရွာရှိအိမ်ခြေတိုင်းတွင် စိမ့်စမ်းရေကိုသာ အဓိကထား သောက်သုံးနေကြပြီး၊ တစ်နှစ်ပတ်ရေလုံလောက်မှုရှိကြပြီး၊ ရေအရည်အသွေးစမ်းသပ်စစ်ဆေးထားခြင်းမရှိပါ။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအနေဖြင့် ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝတ်စုံများ၊ရိုးရာဓလေ့အကများနှစ်စဉ် ကယန်းနှစ်သစ်ကူးပွဲ၊ အမျိုးသားနေ့များတွင် ရိုးရာဓလေ့ထုံးစံများ ဝတ်စားဆင်ယင်ကြပါသည်။ အလေးအနက် တန်ဖိုးထားကြပါသည်။ လူငယ်များမှဦးဆောင်ပြီးကျေးရွာတွင်း အမှိုက် များ၊ စွန့်ပစ်ပစ္စည်းများအား တစ်လတစ်ကြိမ်လိုက်လံသိမ်းဆည်းပေးခြင်း၊တစ်နှစ်လျှင်တစ်ကြိမ် သစ်ပင်များစိုက်ပျိုးခြင်း၊ကျေးရွာတွင်းဖွံ့ဖြိုရေးလုပ်ငန်းများ၊ ရွာတွင်းသာရေး/နာရေးပွဲများတွင် လည်းပါဝင်ဆောင်ရွက်ကြပါသည်။

(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု – လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာအနေဖြင့်လည်း လျှပ်စစ်မီးမရရှိ၍ ကိုယ်ထူကိုယ်ထဝယ်ယူထားသောဆိုလာများဖြင့် အသုံးပြုပါသည်။

ဆက်သွယ်ရေးအနေဖြင့် MPT၊ Telenor ဖုန်းလိုင်းကို သုံးစွဲကြပါသည်။ အိမ်အနည်းစုမှာတီဗွီ၊စလောင်းများရှိ၍ သတင်းစာနှင့် ဂျာနယ်ရောက်ရှိမှုမှာ နည်းပါးပါသည်။ကျေးရွာတွင်စာကြည့်တိုက်တည်ဆောက်ရန်လိုအပ်လျက်ရှိပြီး သတင်းစာများ UP To Date ရရှိမှု နည်းပါးနေသေးသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည့်သူလုံခြုံရေး

ကျေးရွာတွင်းတွင် မှုခင်းဖြစ်ပွားမှု ကြီးကြီးမားမားမရှိပါ။ ကျေးရွာအတွင်းရဲစခန်းမရှိပါ။ ရာဇဝတ်မှုများမရှိတစ်လောက်ဖြစ်ပြီး၊ ဖြစ်ပွားပါကလည်း ကျေးရွာအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ ဖယ်ခုံမြို့မရဲစခန်းသို့ ဆက်သွယ်ကြပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့် အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

သီးနှံများစိုက်ပျိုးနိုင်ရေးအတွက် ရေအလုံအလောက်ရရှိနိုင်ခြင်း၊ မြေနေရာများရှိခြင်း၊ ရာသီဥတုအတင့်အသင့်ရှိခြင်း၊ အော်ဂဲနစ်စိုက်ပျိုးနည်းပညာများ စမ်းသပ်စိုက်ပျိုးခြင်း အလေ့အကျင့် ကောင်းများရှိခြင်း တို့ကြောင့်စျေး ကွက်တွင်စျေးကောင်းရရှိနိုင်မည့် သီးနှံများချဲ့ထွင် စိုက်ပျိုးနိုင်သည့်အခြေအနေကောင်းများလည်း ရှိပါသည်။ထိုအပြင် လမ်းပန်းဆက်သွယ် ရေးလည်း လွန်စွာခက်ခဲပြီး။သယ်ယူပို့ဆောင်ရေး၊ ဝန်ဆောင်မှုများရရှိရန် အခက်အခဲရှိသည့် ကျေးရွာဖြစ်ပါသည်။

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ

စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားမှာ စိုက်ပျိုးရာသီချိန်တွင် ငွေကြေးမလုံလောက်၍ နောက်ကျမှစိုက်ပျိုးရခြင်း၊ ပွဲစားများထံစိုက်ပျိုးစရိတ်များချေးယူရသည့် အတွက် ရိတ်သိမ်းချိန်တွင် အဆိုပါပွဲစားများထံ စျေးနှိမ့်၍ပြန်သွင်းရခြင်းနှင့် စိုက်ပျိုးရေးနည်းပညာ ပိုင်းဆိုင်ရာ ဗဟုသုတများနည်းပါးခြင်း၊ရိတ်သိမ်းရာသီချိန်တွင် စျေးကွက်မရှိခြင်းတို့ကြောင့် ဖြစ်သည်။

မွေးမြူရေးလုပ်ငန်းအနေဖြင့်လည်းအဓိကအဟန့်အတားမှာ ဒေသမျိုးစိတ်များကိုးသာအား ထားပြီး မွေးမြူနေသည့်အတွက် တစ်ခြားသောအသားတိုးမျိုးစိတ်များမွေးမြူနိုင်ရန် ချေးငွေများ၊ နည်းပညာပိုင်းဆိုင်ရာ ဗဟုသုတများ၊ စျေးကွက်ကောင်းများရရှိနိုင်ရေးတို့အတွက် အဓိကစိန်ခေါ် မှုများဖြစ်ပါသည်။

ဒေသတွင်း ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများဖြင့် လာရောက်ကူညီဆောင်ရွက်နေသော်လည်း ကျေးရွာလူထု၏ လိုအပ်ချက်များအား ထိရောက်စွာဖြည့်စီးနိုင်မည့် အစီအစဉ်မျိုးရရှိရန် လိုအပ်လျက်ရှိနေသေးပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ကျေးရွာတွင်းလမ်းနှင့်ရွာချင်းဆက်လမ်းများပိုမိုလာအောင်ဖန်တီးခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ၊သားများ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေကာ လူနေမှုဘဝတိုးတက် ကောင်းမွန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို ရွေးချယ် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်း သား များ

အတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

ခ.၃) ကျေးရွာတွင် စံချိန်မီ သောစာသင်ကျောင်းဆောင်တစ်ဆောင်နှင့် ပရိဘောဂအသုံး အဆောင် ပစ္စည်များအလုံအလောက်ရရှိအောင်ဆောင်ရွက်သွားမည်။ လိုအပ်ပါက အလယ်တန်း၊ အထက်တန်း အဆင့် ကျောင်းများအထိ ရရှိအောင်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပံ့မှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စံချိန်မီစာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း

ကျေးရွာစာသင်ကျောင်းဆောင်များမှာအနည်းငယ်ဟောင်းနွမ်းနေပြီး၊ ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့သဖြင့်အရည်အသွေးပိုင်းတွင်အားနည်းမှုရှိသောကြောင့်စံချိန်မီသောစာသင်ကျောင်း

ဆောင်တစ်ဆောင်နှင့်အားကစားပစ္စည်းအချို့အား သက်ဆိုင်ရာအစိုးရဌာနများဖြစ်သော ပညာရေး ဝန်ကြီးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနတို့ မှ တာဝန်ယူ ဆောင်ရွက်ပေးသင့်သည်။

(ဂ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းမှာအနည်းငယ်ကောင်းမွန်မှုမရှိဘဲ၊ မြေသားလမ်းသာ ဖြစ်နေပါသည်။ လမ်းအဆင့်မြှင့် ပြုပြင်ရန်ငွေကြေးထည့်ဝင်ရန် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှုများနှင့်အတူ ကျေးလက်ဦးစီးဌာနမှ ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများအား အဆင့်မြှင့်ပြုပြင်ပေးသင့်ပါသည်။ကျေးရွာချင်းဆက်လမ်းပိုမို ကောင်းမွန်လာခြင်းဖြင့် လည်းတစ်ရွာနှင့်တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်မှုပိုမိုမြန်ဆန်လာနိုင်ပြီး၊ စီးပွားရေးဖွံ့ဖြိုးမှုအား လွန်စွာ အထောက် အကူပြုနိုင်ပေမည်။

(ဃ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျဌားရမ်းအသုံးပြုနိုင်ရေး

စလင်းမိုးငံကျေးရွာသည်စိုက်ပျိုးရေးကောင်းစွာဖြစ်ထွန်းသောကျေးရွာတစ်ရွာဖြစ်ပြီး၊တစ်နှစ်ပတ်လုံးစိုက်ပျိုးရေရရှိနိုင်သည်။ သို့သော်လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ၊ ရာသီဥတုဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်း အချိန်မှီပြီးစီးရန်အနည်းငယ်အခက်အခဲကြုံ တွေ့ရတတ်ပေသည်။

စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူသက်ဆိုင်ရာဌာနများဖြစ်ကြသောစက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနများမှ ပြင်ပလယ်ယာသုံးပစ္စည်းကိရိယာရောင်းချသော ကုမ္ပဏီများနှင့်ချိတ်ဆက်ပေးသင့်ပါသည်။ ထို့အပြင်အရစ်ကျစနစ်ဖြင့်ရောင်းချမှုများ၊ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများကိုလည်းဆောင်ရွက်ပေးသင့်ပသည်။

(င) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

စလင်းမိုးငံ ကျေးရွာတွင်ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာအာမခံချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး၊ ထိုနည်းတူစွာပင်၊ လက်လုပ်လက်စားကျပန်းများမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင် သာကျပမ်းအဖြစ် လုပ်

ကိုင်စား သောက်နေကြရ သည်။ ထိုသူများအတွက် သင့်တော်သောအသက်မွေးဝမ်းကြောင်းဆိုင်ရာ အတတ်ပညာများ ရရှိ အောင် ကျေးလက်ဦးစီးဌာနမှသက်ဆိုင်ရာပြင်ပအဖွဲ့များနှင့်ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့် ပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်းများသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုးဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာစီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative) အဖြစ်ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျတ်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက် ကောင်း မွန် အောင် ဆောင်ရွက်ခြင်း			√		
၂	ကလေးပျော်၍ ဘက်စုံ တော်စေသည့်ကျောင်း အဖြစ် ဖန်တီး တည်ဆောက်ခြင်း၊			√		
၃	စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေ တိုးတက်ရရှိရေး။			√		
၄	ထိရောက်သည့် ကျန်းမာရေး ဝန်ဆောင်မှုရရှိရန် ဆောင် ရွက်ခြင်း			√		
၅	သက်မွေးဝမ်းကျောင်းနည်းပညာသင်တန်း များ ပို့ချပေးခြင်း၊				√	
၆	ကျေးရွာအဖွဲ့အစည်းများ စွမ်းရည်မြှင့်အစီအစဉ် များ လုပ်ဆောင်ခြင်း				√	
၇	မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု များ ရရှိရန်ဆောင်ရွက်ခြင်း			√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက် မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါ မည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ် ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ကိုကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုး တက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ် စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်း အလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှု ကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)

ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ စသည်တို့ ပါဝင်ပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။

(၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါ သည်။